# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ဒသမနေ့အစီအစဉ်

# [ ၂ – ၉ – ၂၀၁၁]

# (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **“ ပင်စင်ခံစားမည့် အသက် တိုးမြှင့်ပေးရန်”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **“ လွတ်လပ်သော ကုန်သွယ်မှု ဒေသ ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **“ ကုန်လှောင်ရုံ သီးနှံများကို အာမခံထား၍ ချေးငွေရရှိရေး”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ လွှတ်တော်ကော်မတီ အဖွဲ့ဝင်များပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မတီတစ်ခု တိုးချဲ့ဖွဲ့စည်းခြင်း၊ ကော်မတီအမည် ဖြည့်စွက် ပြင်ဆင်ခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌက တိုးချဲ့ဖွဲ့စည်းသည့် ကော်မတီ ၁၉ ခု တွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကို လည်းကောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီ ၁၉ ခု တွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် ကော်မတီ အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က လွှတ်တော်တစ်ရပ်နှင့် တစ်ရပ်အကြားတွင် လိုအပ်သော ကော်မရှင်နှင့် အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခွင့်ကို လွှတ်တော်သို့ တင်ပြ အတည်ပြုချက် ရယူခြင်း။

၁၀။ ဦးခင်မောင်ရွှေ၊ ခင်ဦးမဲဆန္ဒနယ်၏ **" အနာဂတ်တွင် နိုင်ငံသားကောင်း၊ ပြည်သူကောင်းများဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်၍ အကျင့်စာရိတ္တကောင်းမွန်ရေး သင်ခန်းစာများကို သင်ရိုးဝင် ဘာသာရပ် တစ်ခုခုတွင် ထည့်သွင်း၍ အခြေခံပညာအဆင့်တွင် ပြဋ္ဌာန်းသင်ကြားပေးရေး "** အဆို တင်သွင်းခြင်း။

၁၁။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၂။ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ **“ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြား ကျက်မှတ် ဖြေဆိုသည့် ရှေးရိုးစဉ်လာပညာရေးစနစ်အစား ထို့ထက်ပို၍ ခေတ်မီသော ပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သင့်ကြောင်း ”** အဆို တင်သွင်းခြင်း။

၁၃။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၄။ ဦးငွေးဦး၊ ဟသ်ာတမဲဆန္ဒနယ် က **“၂၀၁၁ ခုနှစ်လယ်ယာမြေ ဥပဒေကြမ်း”** ကို တင်သွင်းခြင်း။

၁၅။ **“ ၂၀၁၁ ခုနှစ်လယ်ယာမြေ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြား ရှင်းလင်းခြင်း။

၁၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **“၂၀၁၁ ခုနှစ်လယ်ယာမြေ ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာခြင်းနှင့် ဥပဒေကြမ်း ကိုဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

၁၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။